## (၁) မွဲ့ပြောက်စွန်းရောဂါ (Anthracnose)

**ရောဂါဖြစ်စေသက်ရှိ- *Colletotrichum gloeosporioides* (Penz)**

### ရောဂါလက္ခဏာများ

အရွက်ပေါ်တွင်သေးငယ်သောအမဲစက်များ၊ ပုံသဏ္ဍာန်မရှိသော ညိုမဲကွက်များ ဖြစ်ပေါ်သည်။ ထိုညိုမဲကွက်များဘေးတွင် အဝါရောင်ဖျော့ရောင်ဖြင့်ဝိုင်းရံထားသည်။ ပန်းခိုင်တွင်ရောဂါ ကျ ရောက်ပါကသေးငယ်သောအနက်စက်များကိုတွေ့ရသည်။ ရောဂါပြင်း ထန်ပါက ပန်းခိုင် တစ်ခုလုံးခြောက်ပြီး ကိုင်းဖျားများဝါခြောက်ကုန်သည်။ အသီးပေါ်တွင် ရောဂါကျရောက် ပါက ညိုမဲရောင်အစက်လေးများ၊ ပုံသဏ္ဍာန်အမှန်မရှိသောအမဲရောင်ဒါဏ်ရာကွက် များ ဖြစ်ပေါ်သည်။








- သရက်ခြံသန့်ရှင်းရေးကို ဂရုတစ်စိုက်ဆောင်ရွက်ပါ။
- ပုံမှန်ကိုင်းဖြတ်ခြင်းဆောင်ရွက်ပြီးပါကတစ်ခြံလုံးကို မှိုသတ်ဆေး ပက်ဖျန်းပါ။
- အသီးအထိရောဂါပါနိုင်သောကြောင့် ပန်းခိုင်ထွက်ပြီးချိန်နှင့် သီးကင်း စဝင်ချိန် တွင် ဆေးဖျန်းခြင်းစတင်သင့်သည်။
- အောက်ပါမှိုသတ်ဆေးများကို ပက်ဖျန်းအသုံးပြုပါ။

- Azoxystrobin (အဇိုဆီစထရိုဘင်)၊ Mancozeb (မန်ကိုဇက်), Thiophanate methyl (သိုင်အိုဖါနိတ်မီသိုင်း)၊ Prochloraz (ပရိုကလိုရာဇ်) Metiram (မီတီရမ်)၊ Difenoconazole (ဒီဖီနိုကိုနာဇိုး)